
mgyoe.com




# ဟေး . . . ငါပါ . . . ဒိုင်နိုဆောပါ

စိုင်းဝင်းမြိုင်[illegible]

mgyoe.com

9 789997 118141

mgyoe.com



ISBN9789997118141
POEM67
9 789997 118141
1,500.00KS

mgyoe.com

ဟေး... ငါပါ... နိုင်နိုင်ဆောပါ၏ ညလွှမ်းအိပ်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၇၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဟေး... ငါပါ... ဒိုင်နိုဆောပါ
# ညလွမ်းအိမ်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

၁။ လူတန်းစားအသစ်ထဲက သွားတွေ ကြွက်တွေ ဒိန်ခဲတွေ . . . ၁
၂။ သဘာဝဖြစ်စဉ် . . . . . . . . . . ၂
၃။ အချစ်ဟာ မောင်ဖီလာဖြစ်သလို အချစ်ဟာ ညလွမ်းအိမ်ဖြစ်တယ် . . . ၃
၄။ ရန်ကုန်မှာ မီးလုံ့နေလားဆိုတဲ့ သားသား . . . . . . . . . . ၅
၅။ ဟေး... ငါပါ။ ဒိုင်နိုဆောပါ . . . . . . . . . . ၆
၆။ အခုလောလောဆယ် ကဗျာတွေစားနေတယ် . . . . . . . . . . ၇
၇။ တနလ်ာနေ့တိုင်း တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ . . . . . . . ၉
၈။ ကျွန်မတို့နှစ်ယောက်ရဲ့ ညစာ ရုပ်ရှင်တစ်ကားစာ . . . . . . . . . . ၁၁
၉။ ကိုယ်မရှူးကြောင်း အရူးဆီက ထောက်ခံချက်တောင်းနေရတယ် . . . ၁၃
၁၀။ သံမဏိကစ်ကစ် . . . . . . . . . . ၁၄
၁၁။ မိန်းမမီးဖိုချောင်တစ်ယောက် . . . . . . . . . . ၁၅
၁၂။ အလက်ဇန္ဒား ဂျဘမှဟာ တက်တူးနဲ့ ရေသူမဖြစ်တယ် . . . . . . . ၁၇
၁၃။ ကြွက်လိုလို ကြောင်လိုလို နေ့စဉ်မှတ်တမ်း . . . . . . . . . . ၁၉
၁၄။ မြို့ထဲမှာ အစိမ်းရောင်သွားတွေရှိတဲ့ လူတစ်ယောက်ကို
တွေ့ရင် ကျွန်မ နတ်ဟန်ဆောင်နေတယ် ပြောပေးပါ . . . . . . . ၂၁

mgyoe.com

mgyoe.com

၁၅။ ငါလင်ယူတော့ မိန်းမလို မိန်းမရတွေ ထကတာပဲ . . . . . . . ၂၃
၁၆။ ဂျင်ဂျာ . . . . . . . . . . . ၂၅
၁၇။ မြင်းတွေကို စီးဖို့အတွက် အရပ် ၄၈ လက်မမြင့်ရမယ် . . . . . . . ၂၆
၁၈။ ကျွန်တော့်ဇာတ်ကြောင်းမှာ သူ ပါလာတာနဲ့
သေလို့ရတဲ့ စကားလုံးတွေ ရွေးရွေး ပြောနေတော့တာပဲ . . . . . . . ၂၇
၁၉။ မြှောက်ကား . . . . . . . . . . ၂၉
၂၀။ လှည့်ထွက်လိုက်တော့ပြူးမိ ငါ့နောက်ကျောကို Zoom ဆွဲ
ဆက်ကြည့်နေမယ်ဆိုတာ . . . . . . . . . . ၃၁
၂၁။ အရှုံးနည်းကဗျာ . . . . . . . . . . ၃၃
၂၂။ မြေကမ္ဘာကြီးက ပို၍နေချင်စဖွယ်ဖြစ်ကြောင်း
ရေချယ်ကာဆန်သို့ အကြောင်းကြားစာ . . . . . . . . . . ၃၅
၂၃။ ရိုးရိုးသားသားခရီးသွား . . . . . . . . . . ၃၇
၂၄။ နွေရာသီမှာ ဝတ်လို့ကောင်းတဲ့ကဗျာ . . . . . . . . . . ၃၉
၂၅။ မိစ္ဆာရဲ့ အိမ်စာ . . . . . . . . . . ၄၁
၂၆။ အိမ်ထောင်ရေး . . . . . . . . . . ၄၂
၂၇။ အားအားရှိရောဂါပဲ အကြောင်းပြနေ . . . . . . . . . . ၄၃
၂၈။ ရင်ကပ် . . . . . . . . . . ၄၄
၂၉။ သာမန်လူတစ်ဦး . . . . . . . . . . ၄၅
၃၀။ အရောင်အကြောင်းပြောတဲ့အရောင် . . . . . . . . . . ၄၆
၃၁။ ၂၀၄၃ . . . . . . . . . . ၄၈
၃၂။ မြင်ကွင်းကျယ် . . . . . . . . . . ၄၉
၃၃။ ယနေ့ခေတ် ဟာသလူတွေ . . . . . . . . . . ၅၀
၃၄။ နှစ်ဖက်မြင်ပုံတူ . . . . . . . . . . ၅၂
၃၅။ စားပွဲပေါ်မှာကြိုရည်တစ်ခွက် . . . . . . . . . . ၅၄
၃၆။ မိဘမေတ္တာ . . . . . . . . . . ၅၅
၃၇။ ရေခြားမြေခြား . . . . . . . . . . ၅၆

mgyoe.com

mgyoe.com


၃၈။ ရောင်းအားကောင်းနေဆဲ . . . . . . . . . . . ၅၇
၃၉။ ငါးလွှာ . . . . . . . . . . . ၅၉
၄၀။ ကားဆွဲ . . . . . . . . . . . ၆၀
၄၁။ ပုထုဇဉ်အကျဉ်း . . . . . . . . . . . ၆၂
၄၂။ နွားကျောင်းသား . . . . . . . . . . . ၆၃
၄၃။ အသစ်စက်စက်ကစားပွဲ . . . . . . . . . . . ၆၄
၄၄။ လက်ချင်းဆုံနေတဲ့ဟင်းခွက် . . . . . . . . . . . ၆၆
၄၅။ အင်တာဗျူး . . . . . . . . . . . ၆၇
၄၆။ ဒီတစ်ခါ ပြောင်းဖူးချိုးပြီးရင် . . . . . . . . . . . ၆၉
၄၇။ လူနာ . . . . . . . . . . . ၇၁
၄၈။ ထပ်ခိုး . . . . . . . . . . . ၇၃
၄၉။ တဖြည်းဖြည်း . . . . . . . . . . . ၇၅
၅၀။ ဂျီသြမေတြီဆိုင်ရာ ပုံသဏ္ဍာန် ဆက်ဆံရေး . . . . . . . . . . . ၇၆


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## လူတန်းစားအသစ်ထဲက သွားတွေ ကြွက်တွေ ဒိန်ခဲတွေ

မုန်ချုပ်တွေရဲ့ ပြောင်လက်မှုကို လျှာနဲ့လျက်ကြည့်တယ်
သစ်ပင်တွေလိုက်မလာနိုင်ဘူးပြောတဲ့ပုဆိန်
ပေါင်မုန့်ချပ်တိုင်း မုန့်ကွဲစတွေနစ်ဝင်တဲ့ အရသာ
ကြမ်းပြင်ပေါ်ဆံပင်တွေစိုက်ချလိုက်တော့
ဝံပုလွေခေါင်းစွပ်ထဲက ပိုပြီးမာကျောတဲ့သွားတွေထွက်လာတယ်
သိမ်းငှက်ရဲ့အတောင်ပံတွေခေါင်းမှာစိုက်
မျက်နှာကိုအမည်းရောင်ခြယ်လိုက်တာ
သူတော်ကောင်းစိတ်ဓာတ်တွေ ပျောက်သွားတာပဲ
ကိုယ်တိုင်က ပတ်ဝန်းကျင်ပဲ
ကိုယ်တိုင်နဲ့ အားလုံးက နလပိန်းတုံးပဲ
အာလူးကြော်ထုပ်တွေ နံရံထဲ ရေဝင်ကူးကုန်တယ်
သူတို့ရဲ့ ကူးခပ်နေမှုကို အိတ်ကပ်ထဲထည့်ဖို့
အမေဇုန်မြစ်ထဲက အလှမွေးငါးကလေးကိုပြန်ဆယ်မယ်
မင်းတို့ အဲလိုတလိမ့်ခေါက်ကွေးဖြစ်နေကြတာကြိုက်တယ်ဆိုပြီး
ဈာန်နဲ့ပျံတယ် ဈာန်နဲ့ကူးတယ်
သေနတ်ဖောက်ကောင်းတဲ့ကောင် ဖြိုပြီးတာနဲ့ ဒိုထက်ကောင်းတဲ့သေနတ်ပြန်ရတယ်
တစ်ထောင့်ချင်းထိုင်ပစ်တဲ့ ကုန်းမြင့်တွေဆင်းချလာပြီး
နွားရိုင်းစီးသလို သူတော်ကောင်းစိတ်ဓာတ်တွေ ပြန်ရောက်လာတယ်
ကြာကြာအသက်ရှင်နိုင်ရင်တော့ အကောင်ပဲ။ ။

၂၀၊ ဩဂုတ်၊ ၂၀၁၈။

mgyoe.com

 mgyoe.com

# သဘာဝဖြစ်စဉ်

ကြိုက်တဲ့ ကဗျာတစ်ပုဒ်ပေါ် ကော်ဖီတွေမှောက်ချ
လှောင်အိမ်ထဲက မျောက်တွေကို ရောင်စုံခဲတံပေးလိုက်တယ်
ရန်ကုန်လမ်းညွှန်ထဲ ကဗျာရှာသလို
စက်ရုံဖုန်းနံပါတ်တွေ လိုက်ချိတ်နေရတယ်
ကဗျာရဖို့ အလံတိုင်ကိုကုတ်ခြစ်တော့ ကြောင်တွေထွက်ကျလာတယ်
discovery ချန်နယ်တစ်ခုလို သံပရာပင်တွေ ဖြစ်ထွန်းလွန်းတယ်
ကဗျာဟာ သူ့ကိုကုဖို့စာတင်ပါ။BPIဆေးဝါးစက်ရုံ သွားလေ့လာပါ ဗုဒ္ဓဝင်ပြတိုက် မှတ်သားပါ ပြောတယ်
ကဗျာဟာ ဒေါသကြီးတယ်။တစ်ခုခုဆို အုံကြွဖို့ စားပွဲတဖြန်းဖြန်းရိုက်ဖို့ ချောကလက်လို စားပစ်လိုက်ဖို့။
အာဇာနည်နေ့မှာ စိတ်တိုရတော့ ဂဠုန်ဦးစောကိုလည်း သတ်ပစ်လိုက်တယ်
အသက်ကြီးပြီး ဟိုဘက်ဒီဘက်ယိမ်းနေလို့
ကဗျာကို တုတ်ကောက်လိုထောက်ထားရတယ်
စပရေးများများဖျန်းပြီး ကဗျာကိုထုံဆေးပေးထားတယ်
တရားစကားက ကဗျာနဲ့အတူ စားပွဲပေါ်မှောက်ကျနေတယ်
ကဗျာရှေ့တန်းရောက်ဖို့ တရားကပယ်ချခံရတယ်
နှုတ်ခမ်းတွေသပ်တယ်။အနီရောင်တောက်တောက်နှုတ်ခမ်းနီအရောင်နဲ့ကဗျာက
မျက်တောင်တုတွေအပေါ်မှာ လေးလေးလံလံတက်လျှောက်နေတဲ့
ကဗျာ
ဦးခေါင်းရဲ့ ထိပ်ပိုင်းမှာ မျက်လုံးကိုလည်ပြလိုက်တယ်
ရေမျက်နှာပြင်အထက် ဖားတစ်ကောင်ရဲ့မြင်နိုင်စွမ်းနဲ့ ကဗျာကို ခြောက်သွေ့ပြတယ်
အရေပြားကနေ အဆိပ်တွေ စိမ့်ထွက်လာပြီး
မာကျောတောင့်တင်းမှုနဲ့သေးငယ်တဲ့အတက်အလက်တွေကို ချိုးပစ်လိုက်တယ်
ရေသောက်မြစ်တစ်ခုတည်းရှိတဲ့ ကဗျာမုန်လာဥက စားလို့ကောင်းတယ်
ပြောတယ်
အရှေ့မှာတစ်ယောက်တည်း။ ။

၆၊ နိုဝင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## အချစ်ဟာ မောင်ပီလာဖြစ်သလို အချစ်ဟာ ညလွှမ်းအိမ်ဖြစ်တယ်

အချစ်ဟာ တစ်သျှူးအသစ်ဖြစ်တယ်
ရွက်ပြတ်တောထဲမှာ မနေချင်ဘူး
ရှင့်ရဲ့အစာအိမ်ကို ချေဖျက်ကူညီဖို့ ကျွန်မဘာက်တီးရီးယားလုပ်မယ်
ချိတ်သံကောင်ကို ရှာဖို့ ကျွန်မဝမ်းဗိုက်ထဲ ရှင်လာနေပါလား
အစားအစာလုံလောက်တဲ့ ခန္ဓာကိုယ်အချင်းချင်း ပွတ်တိုက်ကြ
နေရောင်ခြည်က အဖွင့်အပိတ်လုပ်တယ်

အချစ်ဟာ လုံလောက်တဲ့ဒြပ်စင်ဖြစ်တယ်
တရားထိုင်ရတဲ့ သစ်ခွပင်တစ်ခုပေါ်မှာကပ်နေတယ်
သစ်ပင်တွေက လမ်းလျှောက်ထွက်ပြီး
မိုးပျံပူဖောင်းထဲဝင်ရောက်သွားတယ်
တောင်တန်းတွေဆီ တိမ်တွေဆီ မြေနီလမ်းတွေဆီ အခေါက်ခေါက်အခါခါ ခရီးတွေထွက်ကြတယ်။

mgyoe.com

mgyoe.com


အချစ်ဟာ အမြဲစိမ်းတောဖြစ်တယ်
ငမိုးရိပ်ဘူတာလေးကနေ နောက်ပြန်ငေးလိုက်တော့
သံလမ်းဟာ စွန်ကြိုးတစ်ချောင်းလို လေထဲလူးပ်ခါပြီးလွင့်တက်သွားတယ်
တစ်ထောင်ဖိုးသုံးခွေဆိုင်ကလေးဟာ
ရပ်ကွက်ထဲလာအခြေချနေတဲ့ ကျွန်မတို့ရဲ့ဘုရော့ဝေးပြဇာတ်ရုံ
ဗိုလ်တထောင်ဆိပ်ကမ်းဟာ ကျွန်မတို့အတွက်လှပတဲ့ ပတ္တရားကမ်းခြေ
ခိုင်သဇင်လမ်းသွယ်ကလေးက ကျွန်မတို့နှစ်ယောက်ရဲ့ လီဒိုလမ်းမ
အတွေ့က ရယ်သံတွေ စောစောရောက်မလာတာကို နောင်တရကြတယ်
အသက်ရှူလမ်းကြောင်းတစ်လျှောက် စီးဆင်းသွားတဲ့စမ်းချောင်းကလေးကိုလည်း ဂက်စ်ထည့်မိပါတယ်
အချစ်ဟာ မောင်ဖီလာဖြစ်တယ်
အချစ်ဟာ ညလွှမ်းအိမ်ဖြစ်တယ်။ ။

၂၃၊ ဩဂုတ်၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ရန်ကုန်မှာ မီးလုံနေလားဆိုတဲ့ သားသား

ကျားခေါင်းကိတ်နဲ့ အနောက်တိုင်းဝတ်စုံနဲ့
ကိုယ့်ကိုယ်ကိုယ် ကြည့်မဝရှုမဝ မှန်ထဲဝင်ထိုင်နေတယ်။
သူ့ကိုယ်သူ 'ကြွယ်'
သူငယ်ချင်းတွေရဲ့အကြည့်ကို ပင့်ကူလူသားနဲ့မျှားတယ်။
စကားများရင် လက်မြှောက်ရတဲ့ Iron man တွေ
Super man တွေလည်း လက်ပိုက်ရတယ်ပြောပြီး ရယ်တယ်
ရေချိုးပြီးပြီလား။ ရေခဲရေသောက်ပြီးပြီလား။ တောင်ပေါ်ဆောင်း
ကျောပိုးအိတ်လေးလွယ်ထားတဲ့
ဒီဂရီသားသား
"အခု ရေခဲတောင်တက်နေတယ်" တဲ့
မီးသတ်ကားတွေ မြေကော်ကားတွေ မီးရထားတွေ အိမ်ခေါင်မိုးပေါ် စက်ဝိုင်းပုံစံ ကွေ့တယ်။
လက်ထဲက U5 ဘောလုံးဟာ လေထဲမှာ မြောက်တက်ကခုန်နေတဲ့ ဝတ်စုံပြည့်ကမ္ဘာ။
ကြိုက်တဲ့ ရေသူမဇာတ်ကားထဲ သားသားဟာ ရွှေငါးလေးတစ်ကောင်
B for Bee သင်ခန်းစာထဲ သားသားဟာ ချိုမြိန်တဲ့ပျားလေးတစ်ကောင်
ဆေးရောင်ခြယ်စာရွက်တွေထဲ ခေါင်းဝှက်ပြီး တူတူပုန်းတမ်းကစားတယ်
မေမေ့ခေါင်းလျှော်ရည်အနံ့ထဲ ဝင်ခွေပြီး အသက်ကိုခိုးခိုးရှူတယ်
သစ်သီးတစ်လုံးကို ပြောင်းပြန်ကိုက်
"မချစ်တော့ဘူး" ဆိုတဲ့ သေနတ်နဲ့
အိမ်သားတွေကို တဒိုင်းဒိုင်းပစ်ခတ်ခြိမ်းခြောက်နေတယ်။ ။

၂၅၊ ဇန်နဝါရီ၊ ၂၀၁၉။

mgyoe.com

mgyoe.com


# ဟေး... ငါဝါ။ ဒိုင်နိုဆောဝါ

အရပ်ရှည်တဲ့ သစ်ပင်ထက် သူ့အစာအိမ်က ပိုမြင့်နေပြီး
သစ်ပင်ရဲ့ သွားတွေကလည်း အစာအိမ်ထဲက အစာကိုထပ်စားတယ်။
မလိုအပ်တာ သစ်ရွက်ကနေ စွန့်ပစ်တယ်။ ငါ့မှာတော့ အသီးအရွက်စားရ။
အသားစားရန့် တိုက်ရည်ခိုက်ရည်က နိမ့်ကျလာတယ်။
အသက်ကို တဝကြီးရှူသွင်းလိုက်တော့ X-rays ဖြတ်သွားတဲ့
နောက်ကျောပေါက်ကြီးထဲ သစ်ကိုင်းတွေ မျိုးပွားလို့
ဝမ်းဗိုက်အဆီတွေ Disc ချပ်ပြားဝိုင်းတွေဖြစ်လာဖို့ ဆုတောင်းစာကိုကီးထပ်မြှင့်မိ။
ဟင်းခတ်အမွှေးအကြိုင်တွေထည့်ထားတဲ့ ဦးနှောက်က ပိုကြီးကျယ်တယ်
ထမင်းစားတဲ့အခါ ထမင်းလုံးတွေ တန်းစီကြည့်တော့
တစ်ကြောင်းချင်းစီမှာ အရသာရှိတယ်။ရေသောက်ပြီး အပေါ့သွားရသလို ပြုံးစိစိ။
ပိတ်မိနေတယ်ဆိုတော့ လိုဏ်ခေါင်းကိုပဲ

ရှုပ်ရှုပ်ချွံချွံ ဆက်တူးမယ်။
မိုးပေါ်ပျံတဲ့ ကဗျာတစ်ပုဒ်ကို လက်ခုပ်တီးမိရာက လက်ခုပ်တွေပါ မိုးပေါ်
ပျံတက်သွား။ ကမ္ဘာမကြေသီချင်းဆိုပြီး ဒိုင်ဝင်ထိုးတယ်။
ပထမစာရွက်ထဲ ရည်းစားစာထည့်ရေး။ ခြေထောက်နဲ့နင်းပစ်လို့
ဒုတိယစာရွက်လေး မနင်းအောင် ဘုရားပုံဆွဲပေးလိုက်တယ်။
ကဗျာကို လေးနက်ချင်ပြီး ကျန်တာပေါ့ချင်တဲ့ သူငယ်ချင်းအတွက်
ဆီးဆောကုတ်ကိုပဲ ယူပါစေ။
သစ်ရွက်တွေ ဘယ်လိုကွာခြားသလဲ။ ဗလာစာအုပ်ထဲ ကော်ကပ်ပြီး လေ့လာခဲ့။
ဆောင်းဦးပေါက် စကားလုံးတွေဟာ
အဲကွန်းက မှုတ်ထုတ်တဲ့ ဂက်စ်ငွေ့ထဲ ဝင်ထိုင်နေတယ်
ငါ့မှာ အိမ်ခေါင်မိုးတွေ မလဲနိုင်သေး။ ။

၁၄၊ ဇန်နဝါရီ ၂၀၁၉။

mgyoe.com

mgyoe.com



## အခုလောလောဆယ် ကဗျာတွေစားနေတယ်

ငါဟာ သစ်ကုလားအုတ်လို
အနိမ့်သစ်ကိုင်းပေါ်က သစ်သီးတွေ မလတ်ဆတ်တာသိလို့
ငါ့အစာအိမ်အတွက် အစိမ်းရောင်အရွက်တွေ
ဖျော်သောက်တယ်
ငါ့ခန္ဓာကိုယ်ထဲကစိတ်ရဲ့အညစ်အကြေးကို
ကဗျာဆီ ဘယ်တော့မှမစွန့်ထုတ်ဘူး
ငါ့ကဗျာပင့်ကူမျှင်ထဲ
အစာကွန်ရက်တောင် လာမချက်စမ်းပါနဲ့
ငါ့ယောက်ျား ကဗျာဆရာကိုပြောထားတယ်
ငါ့ဖနောင့်ထဲမှာ ငါ့အရေးအသားတွေ ရှိတယ်
ငါ့ပန်းပွင့် ပွင့်တဲ့ဂါဝန်ထဲမှာ ငါ့မိန်းမဆန်မှုရှိတယ်
ငါ့ဒေါက်ဖိနပ်ထဲမှာ ငါ့ရဲ့ချွန်ထက်တဲ့ လက်သည်းတွေရှိတယ်
ငါ့သစ်သားမီးခြစ်ထိပ်မှာ ငါ့မီးစုန်းဓာတ်တွေရှိတယ်
ငါ့ကဗျာက ငါ့ကိုစောင့်ကြည့်တယ်

mgyoe.com

mgyoe.com

ငါ့ကဗျာကိုအပူပေးလိုက်တာနဲ့ စာသားအခဲတွေ ဖြစ်လာတယ်
ငါ့ရေခိုးရေငွေ့တွေ မှန်ချပ်တွေပေါ်က လျှောဆင်းလာကြတယ်
ရေက ရေပြန်ဖြစ်တယ်
ကဗျာက ကဗျာပြန်ဖြစ်တယ်
ပြာတွေကတော့ ဘာမှဖြစ်ခွင့်မရှိဘဲ လေထဲမှာပျောက်ကွယ်သွားတယ်
ငါ့မှန်အနံ့ နဲ့ ငါ့မျက်နှာအရသာ
ငါ့လျှာပေါ်မှာရှိတယ်
အခုလောလောဆယ် ကဗျာတွေ စားနေတယ်
ငါဟာ သစ်ကုလားအုတ်လို
အမြင့်သစ်ကိုင်းပေါ်က သစ်သီးတွေ မလတ်ဆတ်တာလည်း
သိတယ်။ ။

၁၀၊ စက်တင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ထနှလ်ာနေ့တိုင်း ထရားမျှတ လွတ်လပ်ခြင်းနှဲ့ဖသွေ

မိုးရွာတဲ့နေ့ နွားအေးပါးအေး အိပ်ချင်နေကာမှ
ရထားတစ်စီးက တံခါးလာခေါက်တယ်
မင်းတို့ကန်စွန်းခင်းက တော်တော်လမ်းသလားတယ်
တီကောင်ကြိတ်အသားနဲ့ ကဏန်းစားရခြင်းဟာ ယဉ်ကျေးမှုဆိုပြီး
တွန်းတိုက်ကြတယ်
ကျွန်မကလေးတွေကို နိုင်ငံသားကောင်းလေးဖြစ်စေချင်ပါတယ်
သူတို့စာဖတ်ချိန် မီးလိုက်မလင်းပေးတာတော့ ခွင့်လွှတ်ပါပေါ့
ရယ်စရာတွေအထပ်လိုက်နဲ့ ရထားစီးခြင်းအနုပညာ
ဂျုံးဂျုံးဂျုတ်ဂျုတ်သီချင်းဆိုချင်တဲ့ ကလေးကငိုတယ်
ဘက်လိုက်တယ်ပြောတဲ့ ကလေးက ရထားတစ်စီးလုံးမျိုချတယ်
သဘာဝထဲ တန်းတူအခွင့်အရေးကိုမျှော်လို့
သစ်တောထွက်ပစ္စည်းကလေးတွေစုတယ်

mgyoe.com

mgyoe.com


မီးရထားတွဲနဲ့ ကျွန်းသစ်ကို အပ်ချိတ်ကလေးနဲ့ချိတ်လိုက်ကြတယ်
အားလပ်ချိန်မှာ ပတ္တလားအသံအပေါ် ကုတ်တက်ကြ
ဂီတာရဲ့ဖလက်တံကို ရေခဲမုန့်လိုလျက်ကြ
သူတို့ကိုယ်သူတို့ သိမ်မွေ့စေဖို့ 'မကိုင်ရ' စာတန်းလေးချိတ်ဆွဲထားလိုက်တယ်
ပြီးတော့
ဖွံ့ဖြိုးမှုနဲ့ လျော်ညီတဲ့ စာအုပ်တွေကို ထုပ်ပိုးလို့
ပတ်ဝန်းကျင်နဲ့ ချိတ်ဆက်တတ်ဖို့ဆိုတာ
အသံဆီကိုလည်း လျှောဆင်းတတ်ရမယ်
စဉ်းစားတတ်တာကိုလည်း လေ့ကျင့်ထောင်ရမယ်ပြောပြီး
သစ်တောထဲ
ဝင် ရောက် ပျောက် ကွယ် သွား ကြ တယ်။ ။

၈၊ ဩဂုတ်၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ကျွန်မတို့နှစ်ယောက်ရဲ့ ညစာ ရုပ်ရှင်တစ်ကားစာ

ကြယ်ပြာတွေလောင်ကျွမ်းပြီးနောက်
ခရီးနှင်ခြင်းဟာ နှလုံးခုန်ရပ်သွားခဲ့တယ်
ရှင်က ဗြိုဟ်သားစာတွေချည်း ရေးနေတော့တာပဲ
နဂါးငွေ့တန်းဂလက်ဆီနဲ့ ကျွန်မ
ကစားချင်မိတယ်
Alarm ပေးထားရတဲ့ နိဗ္ဗာန်ရောက်ကြောင်းမှာ
ပုရွက်ဆိတ်ကလေးတစ်ကောင် လာလာကစားနေသလို
တရားထိုင်ကြ
မျက်နှာပေါက်ဆင်တာတွေ ယားယံလွန်းလို့
ရှင့်မျက်လုံးနဲ့ ကျွန်မ နှုတ်ခမ်းကိုဖြုတ်ပြီး
ရေခဲချောင်းပုံစံခွက်ထဲ ထည့်ပစ်လိုက်တယ်
ဆံပင်ခွေတွေ
ဆေးသကြားကင်းစင်နယ်မြေဖြစ်ပါစေသား
ဝင်သက်ထွက်သက်မှာ လမ်းပေါ်က လော်စပီကာအသံ
ရှေ့တိုးနောက်ငင် လွှလာဆွဲနေတယ်
တနင်္လာနေ့ဟာ ပါဝါနည်းနေသေးလို့ အားသွင်းကြိုးနဲ့ ချိတ်ဆက်ထားရတယ်

mgyoe.com

mgyoe.com


သက်တံလုပ်ကြည့်ချင်တာနဲ့ ပြတင်းပေါက်နားသွားပြီး
ဖန်ခွက်ကရေတွေ နေရောင်ထဲသွန်ချလိုက်တယ်
ပြီးတော့ ပြတင်းပေါက်တွေကို ပိတ်ပစ်လိုက်ပြီး
မှန်ထဲကနေ သက်တံကို ချောင်းကြည့်မိတယ်
အပြာရောင် ဝေလငါးကြီးက မြောက်တက်ကခုန်နေ
အိမ်နောက်ဘက်မှာ ရထားတစ်စီးက အော်ဟစ်ပြေးလွှားနေ
နေရောင်ခြည်တောင် ကျွန်မခန္ဓာကိုယ်ထဲဖောက်မဝင်နိုင်တာ
ရှင်ကတော့ အကြိမ်ကြိမ်ဖောက်ဝင်နေ
သစ်တော်သီးတွေက ကျွန်မရင်သားပေါ်မှာ လာပြီး
အရည်ရွှမ်းတယ်
အာရုံကြောတွေ ဦးနှောက်တွေ ကြွက်သားတွေ
အမိန့်ပေး လှုပ်ရှားနေသရွေ့
အာရုံငါးပါးနဲ့ ကျွန်မက
ဆက်ပြီး လူးလွန့်နေရဦးမှာ
ဟင်းလျာတစ်ခွက်ရဲ့ အနုပညာမှာ
ဆိတ်တစ်ကောင်ဟာ ထလာ
ကျွန်မတို့နှစ်ယောက်ရဲ့ ညစာ
ရုပ်ရှင်တစ်ကားစာ။ ။

၅၊ စက်တင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ကိုယ်ဗရုန်းကြောင်း အရှုံးသိက ထောက်ခံချက်ထောင်းနေရတယ်

တစ်မြို့လုံးလှည့်ပတ်ကြည့်ရှုတော့ ပဲလိပ်ပြာရွက်တွေခြံပြီး ဆယ်ဖိဟော့ပေါ့ စားနေတယ်
ပန်းဆီရောင် wifi ချည်း ဖုန်ထုတ်စက်ထဲထည့်
ဆံပင်အထွေးလိုက်နဲ့ ပန်းဆီရောင်ကြီးကို စုပ်ယူနေတယ်
နှုတ်ခမ်းနီ Ice cream ချိတ်ထဘီတွေ ချည်ပိုးတွေအလေးပြု
လေဒီရှူးဒီဇိုင်နာက ဒေါက်ချွန်ကို ထိပ်မှာပြောင်းတပ်တယ်
ငါ့ပုံငါမြင် နှလုံးခုံမင်တယ်ပြောပြီး ဖိုင်ဘာမျှင်ဓာတ်များများပါအောင် ချက်ချင်းဖျော်သောက်တယ်။ ဝမ်းက အချေ။
နိုင်ငံတကာ လက်ကိုင်အိတ်တွေကအသံ အမြန်နားထောင်ကောင်းတယ်
ချောင်ထဲ တစ္ဆေနဲ့စကားအဆက်အသွယ်လုပ်တဲ့ကလေးဇာတ်ကားဟာ ရိုးစင်းတယ်ပြောလို့
နှာခေါင်းသွေးလျှံပြတယ်

ဟိုဘက် လိုင်းပြောင်းတော့
လက်သည်းမှိုတက်လို့ အမြဲတမ်းလက်သည်းနီမဆိုးတဲ့ဆု ငါရတယ်လို့ FM ကလွှင့်တာ ကြားရ
အထက်ဘဝင်နဲ့ အောက်အဝီစိကြား Hand made ကဗျာကောင်းကြောင်းလိုက်ပြောမယ့်
အာစရိယပူဇော်ပွဲတက်ရောက်ပါ

အရသာရှိအောင် သီဟိုဠ်စေ့နဲ့ ဝက်နံရိုးကင်ကို နားဆွဲလုပ်ပြီး အင်တာဗျူးထဲထည့်စားပါ
အလှမွေးကန်ထဲ စီးခလစ် ရောင်စုံငါးတွေကိုဆယ်ယူပြီး လည်ဆွဲတပ်ဆင်လိုက်ပါ
သက်သောင့်သက်သာရှိတာနဲ့ ရိုးသားတာကို V shape ပြောင်းလိုက်တယ်
တစ်ယောက်ပြီးတစ်ယောက် ပြုတ်သွားကြတာ ငါ
ထိုင်ကြည့်နေတုန်း
အနံ့သိနေတဲ့ ငါ့နှာခေါင်းအတွက် နှာရိုးလိုက်မြင့်နေလည်းအပိုပဲ
ငါရောက်နေပြီ Over confidence ညနေခင်းဝတ်စုံနဲ့။ ။

၁၆၊ ဒီဇင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com


## သံဗဏ်ကာစ်တစ်

မျက်ခုံးတက်တူးထိုးရုံနဲ့မဟုတ်ဘဲ
ရှီကာဂိုရဲ့ ကျောက်ထွင်းနံရံမှာ အရုပ်စာသွားရေးတယ်။
သီဟိုဠ်စေ့အနံ့တွေ အနီရောင်လယ်ကဏန်းတွေ
လက်မနဲ့ တို့ထိတော့ ဦးနှောက်ထက် လျှာက အရသာပိုသိတယ်။
လူလယ်ကောင်သွားတဲ့အခါ သူမကိုယ်သူမ လင်းဖို့
မီးအိမ်ကလေးကို ကုတ်အင်္ကျီထဲမှာ ထည့်ဝှက်ထားတယ်။
ပင်လယ်ကြိုက်တဲ့ သူမဟာမြေပုံပဲ။ ရေထဲကိုခုန်ဆင်းလိုက်တယ်။
ငါး လိပ် မကန်း ဘေးဘျမ်းတွေကို ကျောက်ဆောင်နဲ့ တိုက်ချ
ဒစ်ရှင်နရီထဲ သူမကြိုက်တဲ့ စကားလုံးဟာ adventurer
နှပ်ကော်ဖီနဲ့ စာအုပ်ကိုင်ပြီး ကမ္ဘာပတ်ဖို့ ဟသ်ာနှစ်ကောင်အရုပ်ကလေးကို ထားခဲ့တယ်။
ငယ်ငယ်က ငေးကြည့်ရတဲ့ စကြဝဠာဟာ
လက်ထဲက မိုးပျံပူဖောင်းထဲမှာ။
မျက်မှန်ဝိုင်းဝိုင်းထဲ ကမ္ဘာလုံးကြီးကိုထည့်ပြီး မှတ်နေအောင်လည်ပစ်ဖို့
ဆောင်းထားတဲ့ ဦးထုပ်က ချွန်ထက်တဲ့ ဉာဏ်ရည်တံဆိပ်ကို
ဖျတ်ခနဲနှိပ်ချလိုက်တယ်။
အိပ်မက်ထဲ ရှူးဖိနပ်ဟာ ဂျက်လေယာဉ်လို ပျံ့ဝဲ။ ။

၁၇၊ ဇန်နဝါရီ၊ ၂၀၁၉။

mgyoe.com

mgyoe.com



## မိန်းမပီးပိုချောင်တစ်ယောက်

အသန့်မာဆုံး လျှာကြွက်သားတွေပြေးလွှားဖို့ ကိုယ်ပိုင်ဘဏ်စာရင်း နှေးကွေးရတယ်
ပုစွန်ခွံတွေ ခဏခဏညှပ်လွန်းလို့ ဘေစင်ကလည်း
ကျွန်မကိုအော်တယ်
ကျောက်ဖြစ်ရုပ်ကြွင်း ပုရွက်ဆိတ်တွေအကုန် ဖြစ်ချင်တာပဲ
ခြောက်လနဲ့ရင် ခြောက်လနဲ့သူဘက်ပြန်ရောက်လာတဲ့
ပိုးဟပ်တစ်ကောင်ပြေးလွှားဖို့ ခြေသလုံးတွေအခုန်
ဘူးထဲက ထန်းလျက်တွေ တာရှည်ခံ ပျားရည်တွေလောက်မချိုမြိန်တော့
အစာအိမ်အလုပ်လုပ်ဖို့ ကမ္ဘာပေါ်မှာ မိန့်ခွန်းမပြောတတ်တဲ့
လက်တံအရှည်ဆုံး မိန်းမဟာ ကျွန်မ
ဆူပွက်မှုငါးတစ်ကောင်ရဲ့ဦးခေါင်းကိုဖြုတ်ထည့်တယ်
ကျွန်မလက်ညှိုးက အူတွေအတွဲလိုက်ဆွဲထုတ်ဖို့ မကြာခဏကွေးထားရတယ်
ကောင်းကင်ကိုမော့ကြည့်မရတဲ့ ဝက်တစ်ကောင်ရဲ့ခန္ဓာကိုယ်ထဲက
ခုတ်ထစ်ကလီစာတွေ ဆူညံစွာပြောတယ်
တဂျောက်ဂျောက်မြည်နေတဲ့ အသံတွေ ထပ်ဝင်လာတယ်
နံရံပေါ်ကနာရီ ရိုက်ခွဲချလိုက်တော့ လက်တံတွေ အစိတ်စိတ်အမြွှာမြွှာ
မနက် ရှစ်နာရီ
အသားမာတက်ကြွယ်ဝတဲ့ နေကြာစေ့ကို ငုံပြီး နေရောင်ဘက်ကိုလှည့်တယ်

mgyoe.com